# တန်ဖိုးရှိရှိ နေမယ်

- လောကဟာ သူများနေသလို နေဖို့ သူများလုပ်သလို လုပ်ဖို့ အတု အတူ ပြုတတ်သူတွေကို မွေးထုတ်ပေးနေတယ်။ အများနေသလို နေရင် အများထဲက အများထဲပါသွားမှာပါပဲ။ အများထဲက အနည်းထဲ ပါဖို့ ရုပ်ပိုင်းဆိုင်ရာ အလေးထားမှုကို လျှော့ချပြီး စိတ်ပိုင်းဆိုင်ရာ ခံယူချက် သဘောထားကို ပုံစံမှန်အောင် 'သတိ'နဲ့ ပြုပြင် နေထိုင်သွားဖို့ လိုအပ်ပါတယ်။ ဒါကို သိသူတွေက အများထဲက အနည်းထဲ ပါအောင် ကြိုးစားနေကြတယ်၊ ဒီလို ကြိုးစားမှုကို မြစ်ကို ဆန်တက်တဲ့ အလုပ်လို့ ဆိုရမယ်။ သူလို ကိုယ်လို နေတာ ရေစုန်မှာ မျှောချတာမျိုးပါ။
- မြစ်ထဲက လှေက ရေစုန်မျှောခွင့်ရရင် အကျိုးရှိ သက်သာမှုတွေ ဖြစ်ကောင်း ဖြစ်နိုင်တယ်နော်၊ ဘဝ မြစ်ပင်လယ်ကြီးထဲက လူ့ဘဝလှေငယ်လေးကို ရေစုန်မှာ မျှော-လိုက်ရင် အကျိုးမဲ့ ဆုတ်ယုတ်မှုတွေ နစ်မွန်းမှုတွေ ဖြစ်ဖို့ များသွားတယ်။ စိတ်ကို အလိုလိုက်တာ ရေစုန်မှာ မျှောခွင့် ပေးတာပါ၊ စိတ်ကို အလိုမလိုက်တာ ရေကို ဆန်တက်တာပါ။ တန်ဖိုးရှိရှိ နေချင်ရင် ရေဆန်ကို တက်ရမယ်။
- နောင်တဆိုတာ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုခရီးမှာ ဖြစ်တည်ခွင့် မရှိဘူး။
- ခွင့်မလွှတ်နိုင်ခြင်းတည်းဟူသော အကြောင်းကြောင့် မိမိ ဆင်းရဲဖို့ ဖြစ်တယ်ဆိုရင် ခွင့်လွှတ်နိုင်အောင် ကြိုးစားရမယ်။
- မိမိရဲ့ လွတ်လပ်မှုဟာ သူတစ်ပါးကို အနှောင့်အယှက် ဖြစ်စေရင် အဲဒီ လွတ်-လပ်မှုမျိုးကို လွတ်လပ်မှုလို့ မခေါ်နိုင်ဘူး။
- ဒီနေ့ သူကောင်းရင် သူ့ကို လူကောင်းလို့ သတ်မှတ်ကြ ကြိုဆိုကြစို့။
- မည်သူ့ကိုမဆို လေးလေးစားစားနဲ့ ဆက်ဆံတာ မိမိဘဝကို မိမိ လုံခြုံအောင် တည်ဆောက်ခြင်းပဲ။
- မလေးမစား ဆက်ဆံမိရင် မိမိရဲ့စိတ် မလုံမလဲ ဖြစ်တယ်နော်၊ ကိုယ့်ကိုယ်ကိုလည်း လေးစားလို့ မရဘူး။
- အကျိုးရှိမှ ကုသိုလ်ဖြစ်မှ လုပ်သင့်တဲ့အလုပ် မှန်တဲ့အလုပ်လို့ ဆိုရမယ်နော်။
- သူများ ပုံဖော်ပေးမှ ကိုယ့်ဘဝ ပုံပေါ်မယ်ဆိုရင် စစ်မှန်တဲ့ ဘဝတိုးတက်မှု မဖြစ်-နိုင်ဘူး။

တန်ဖိုးရှိရှိ နေမယ်

အရှင်ရေဝတ

# တန်ဖိုးရှိရှိ နေမယ်

သင် ဘယ်လိုလူလဲဆိုတာ သိဖို့
ကျွန်ုပ် ဘယ်လိုလူလဲဆိုတာ သိဖို့
နေ့မြင့်ရှည်ကြာ သွားလာနေထိုင် ဆက်ဆံရင်း
စူးစမ်းလေ့လာကြရဦးမှာပါ။

အရှင်ရေဝတ (ဖားအောက်တောရ)